**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

**မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ**

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၈/၂၀၀၂)**

၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) မြို့တော်နယ်နမိတ် ဆိုသည်မှာ မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နမိတ်ကို ဆိုလိုသည်။

(ခ) ကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီကို ဆိုလိုသည်။

(ဂ) ရုံးအကြီးအကဲ ဆိုသည်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံး ၏ ဝန်ထမ်းအကြီးအကဲကို ဆိုလိုသည်။

## အခန်း (၂)
## ဖွဲ့စည်းခြင်း

၃။ မန္တလေးမြို့တော်၏ စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ဝန်ကြီးချုပ်သည်-

(က) ကော်မတီကို အဖွဲ့ဝင်အနည်းဆုံးငါးဦး၊ အများဆုံး ကိုးဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) ကော်မတီကို ဖွဲ့စည်းရာတွင် သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။

(ဂ) ကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ရမည်။ လိုအပ်ပါက ဒုတိယ ဥက္ကဋ္ဌကို သတ်မှတ်နိုင်သည်။

၄။ ကော်မတီ၏ ဥက္ကဋ္ဌသည် မြို့တော်ဝန်ဖြစ်သည်။ ဒုတိယဥက္ကဋ္ဌကို သတ်မှတ်ပါက ဒုတိယဥက္ကဋ္ဌသည် ဒုတိယမြို့တော်ဝန် ဖြစ်သည်။

၅။ ရုံးအကြီးအကဲသည် ကော်မတီ၏ တွဲဖက်အတွင်းရေးမှူး ဖြစ်သည်။

၆။ ကော်မတီသည် နိုင်ငံတော်ဝန်ကြီးချုပ်အား တိုက်ရိုက်တာဝန်ခံရမည်။

၇။ ကော်မတီသည် ကိုင်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲခံနိုင်ခွင့် ရှိစေရမည်။

## အခန်း (၃)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၈။ ကော်မတီသည် မြို့ဘတော်နယ်နမိတ်အတွင်း အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ မူချမှတ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပြုရမည် -

(က) မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ မြို့သစ်များ တည်ထောင်ခြင်း၊

(ခ) မြေများကို တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဂ) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ဖျက်သိမ်းခြင်း၊

(ဃ) ကျူးကျော်အိမ်များ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့် ပြောင်းရွှေ့နေရာချထားခြင်း၊

(င) လမ်းများဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ခြင်းနှင့် ယင်းတို့ကို ပြင်ဆင်ထိန်းသိမ်းခြင်း၊

(စ) ယာဉ်နှင့်အနေးယာဉ်များ သွားလာခြင်း၊ ရပ်နားခြင်းတို့နှင့် စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဆ) လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှု သတ်မှတ်ခြင်း၊ လမ်းအမည် သတ်မှတ်ခြင်းနှင့် အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ အပန်းဖြေနေရာများ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(ည) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) ဈေးများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဏ) အစားအသောက်ဆိုင်ရာလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လမ်းဘေးဈေးဆိုင်များနှင့် စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊

(တ) ပြည်တွင်းခရီးသည်များသာ တည်းခိုမည့် တည်းခိုခန်းများ ဖွင့်လှစ်ခွင့်ပြုခြင်းနှင့် စည်ပင်သာယာရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများအား စစ်ဆေးခြင်း၊

(ထ) ကူးတို့လုပ်ငန်းများ၊ ပွဲရုံလုပ်ငန်းများနှင့် ပုဂ္ဂလိက အပေါင်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဒ) သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန် တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊

(ဓ) ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(န) တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းတို့နှင့် စပ်လျဉ်း၍ ခွင့်ပြုခြင်း၊ လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းခြင်း၊

(ပ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ အနာကြီးရောဂါ စွဲကပ်သူနှင့် တောင်းရမ်းစားသောက်သူများကို ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဖ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဗ) သုသာန်များ သတ်မှတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ သင်္ဂြိုဟ်ခြင်း၊ သင်္ဂြိုလ်စက်များ တည်ဆောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဘ) အများပြည်သူ့အကျိုးပြု အခြားစည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(မ) နိုင်ငံတော်ဝန်ကြီးချုပ်က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ကော်မတီသည် ပုဒ်မ ၈ ပါစည်ပင်သာယာရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် မူဝါဒသဘောပါရှိသော လုပ်ငန်းများကိုလည်းကောင်း၊ မြို့တော်နယ်နိမိတ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အထူးစီမံကိန်းများကိုလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏သဘောတူညီချက်ရရှိပြီးမှ ဆောင်ရွက်ရမည်။

၁၀။ ကော်မတီသည် မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## အခန်း (၄)
## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၁။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့တော်နယ်နမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ခ) ကော်မတီပိုင် ရန်ပုံငွေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အခွန်အခများနှင့် အခွန်နှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်း နှင့် ကောက်ခံခြင်း၊

(ဃ) ကော်မတီပိုင်အဆောက်အအုံနှင့် မြေများကို ငှားရမ်းခြင်း၊ စည်းကမ်းချက် တစ်ရပ်ရပ်ဖောက်ဖျက်သော အငှားယူသူများကို ဖယ်ရှားနှင်ထုတ်ခြင်း၊

(င) အဆောက်အအုံနှင့်မြေငှားရမ်းခများ၊ အခြားနည်းဖြင့် ရရှိသည့်ငွေများကို လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေး လုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(စ) ပြည်တွင်းပြည်ပအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တို့နှင့်ဆက်သွယ်၍ စည်ပင် သာယာရေးကို အထောက်အကူပြုသော လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) အစိုးရထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှဖြစ်စေ ချေးငွေ ရယူခြင်း၊ အထောက်အပံ့များရယူခြင်း၊

(ဇ) စည်ပင်သာယာရေးလုပ်ငန်းအလိုက် လိုအပ်သော ဆပ်ကော်မတီများ ဖွဲ့စည်း ၍ ဆောင်ရွက်ခြင်း၊

(ဈ) စည်ပင်သာယာရေးလုပ်ငန်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ခေတ်မီတိုးတက်သည့် နည်းပညာများဖြင့် စီစဉ်ဆောင်ရွက်ခြင်း၊

(ည) နိုင်ငံတော်ဝန်ကြီးချုပ်က အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

# အခန်း (၅)
## ဘဏ္ဍာရေး

၁၂။ ကော်မတီသည် မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။ ထို့ပြင် မိမိ၏ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကိုလည်း တာဝန်ယူရမည်။

၁၃။ ကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။ သို့ရာတွင် အများပြည်သူအကျိုးအတွက် အမှန်သုံးစွဲရန် လိုအပ်ပါက မြို့တော်နယ်နိမိတ်ပြင်ပရှိ လုပ်ငန်းကိစ္စတစ်ခုခုအတွက် သုံးစွဲနိုင်သည်။

၁၄။ ကော်မတီသည် လတ်တလောအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားစေရန် သင့်လျော်သလို စီစဉ်ဆောင်ရွက်နိုင်သည်။

၁၅။ ကော်မတီသည် ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲနိုင်သည်။

၁၆။ ကော်မတီသည် -

(က) ရုံးအကြီးအကဲက ရေးဆွဲတင်ပြသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို စိစစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ထံတင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) နှစ်စဉ်မိမိ၏ ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်တို့ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ တင်ပြရမည်။

## အခန်း (၆)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၇။ ကော်မတီသည် လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို နိုင်ငံတော်ဝန်ကြီးချုပ်၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

၁၈။ ကော်မတီသည် ပုဒ်မ ၁၇ အရ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲထားရာတွင် စည်ပင်သာယာရေးလုပ်ငန်းများကို အထောက်အကူပြုသည့် အောက်ဖော်ပြပါ ဝန်ထမ်းများကိုလည်း သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းပုံတွင် ထည့်သွင်းနိုင်သည် -

(က) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်သောဝန်ထမ်းများ၊

(ခ) မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်သော ဝန်ထမ်းများ၊

(ဂ) လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းသည့် လုပ်ငန်းတာဝန်ကို ဆောင်ရွက်သော စည်ပင်သာယာရေး ရဲတပ်ဖွဲ့ဝင်များနှင့် အခြားဝန်ထမ်းများ။

၁၉။ ကော်မတီသည် ဝန်ထမ်းများ ခန့်ထားရာတွင် -

(က) တည်ဆဲ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းပုံအတွင်း ခန့်ထားပိုင်ခွင့်ရှိသည်။

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူ ခန့်ထားနိုင်သည်။

၂၀။ ကော်မတီသည် ဝန်ထမ်းများခန့်ထားရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်၍ သုံးစွဲခြင်း မပြုရ။

၂၁။ ကော်မတီသည် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၇)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၂၂။ ကော်မတီသည် ရုံးအကြီးအကဲက စာရင်းများကို နည်းလမ်းတကျထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန်အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို စာရင်းစစ်ချုပ်နှင့်ညှိနှိုင်း၍ သတ်မှတ်ရမည်။

၂၃။ ရုံးအကြီးအကဲသည် -

(က) ကော်မတီက သတ်မှတ်ထားရှိသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းများ ပြုစုထိန်းသိမ်းထားရှိရမည်။

(ခ) ပုဒ်မခွဲ(က) ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းများနှင့်စပ်လျဉ်း၍ စာရင်းစစ်ချုပ်က တာဝန်ပေးအပ်သူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၄။ မည်သူမဆို ဤဥပဒေအရ ကော်မတီက ထုတ်ပြန်သည် နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ ပုဒ်မ ၂၄ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါနည်းဥပဒေကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ် ကျပ် ၅၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၅၀၀၀ အထိ ချမှတ်မည်။

၂၆။ မည်သူမဆို ဤဥပဒေအရ ကော်မတီက ထုတ်ပြန်သည့် စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်

ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်သုံးလအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ် ချမှတ်ရမည်။

၂၇။ ပုဒ်မ ၂၆ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ် ကျပ် ၂၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀ အထိ ချမှတ်ရမည်။

## အခန်း (၉)

## အထွေထွေ

၂၈။ ကော်မတီသည် မန္တလေးမြို့စည်ပင်သာယာရေးကော်မတီပိုင် ရန်ပုံငွေများ၊ ရွှေ့ပြောင်း နိုင်သောပစ္စည်းများသည် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ဆက်ခံ ရမည်။

၂၉။ ကော်မတီသည် ရုပ်သိမ်းပြီးဖြစ်သော စည်ပင်သာယာရေးဆိုင်ရာ ဥပဒေအရ ထုတ်ပြန်ထားသည့် မန္တလေးမြို့စည်ပင်သာယာရေးအဖွဲ့နှင့် စပ်လျဉ်းသည့် စည်းကမ်းများ၊ အမိန့်များနှင့် အမိန့်ကြော်ငြာစာများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၃၀။ ဤဥပဒေအရ တရားစွဲဆိုသည့် မှုခင်းများကို မြန်မြန်ဆန်ဆန် စစ်ဆေး စီရင်နိုင် ရန်အလို့ငှာ မြို့တော်နယ်နိမိတ်အတွင်း သင့်လျော်သည့်နေရာများတွင် တရားရုံးများ ဖွင့်လှစ်ထားရှိနိုင်ရေးအတွက် ကော်မတီသည် တရားရုံးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၃၁။ (က) မြို့တော်နယ်နိမိတ်အတွင်းရှိ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းသည့် စာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် အခွန်တံဆိပ်ခေါင်းထမ်းဆောင်ရမည့် ပုဂ္ဂိုလ်သည် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ ထမ်းဆောင်ရသည့်

အခွန်တံဆိပ်ခေါင်းတန်ဖိုးအပြင် ၂ ရာခိုင်နှုန်းကို တိုးမြှင့်၍ ထမ်းဆောင်ရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ(က)အရ တိုးမြှင့်ထမ်းဆောင်သည့် အခွန်တံဆိပ်ခေါင်းတန်ဖိုးကို လွှဲပြောင်းရယူရေးနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၃၂။ ကော်မတီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) လိုအပ်သော နည်းဥပဒေများကို နိုင်ငံတော်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၃။ မန္တလေးမြို့စည်ပင်သာယာရေးဥပဒေ (ဥပဒေအမှတ် ၁၀/၉၂)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ